
# မြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၁၉ ဇွန် - ၂၅ ဇွန် ၂၀၂၆




၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ဇွန်လ ၂၅ ရက်နေ့အတွင်း နိုင်ငံတဝန်းတွင် စစ်ရေးလှုပ်ရှားမှုများနှင့် အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဥ်များ စုစုပေါင်း ၁၇၄ ကြိမ် ဖြစ်ပွားခဲ့သည်။ ၎င်းတို့အနက် စစ်ရေးလှုပ်ရှားမှုများမှာ အနည်းဆုံး ၆၁ ကြိမ် ဖြစ်ပွားခဲ့ပြီး အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဥ်များမှာ အနည်းဆုံး ၁၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။

စစ်အုပ်စုမှ အကြမ်းဖက်မှု၊ ဖိနှိပ်မှုများဖြင့် ပြုလုပ်ခဲ့သည့် အတုအယောင်ရွေးကောက်ပွဲနှင့် အရပ်သားအစိုးရအဖြစ် အသွင်ပြောင်းလဲမှုများသည် မည်သည့်တရားဝင်မှုမျှ ဖြစ်ပေါ်စေမည်မဟုတ်ကြောင်း ဥရောပသမဂ္ဂ (EU) မှ ဇွန် ၁၉ ရက် ကုလသမဂ္ဂ အထွေထွေညီလာခံ အထူးအစည်းအဝေးတွင် ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကာ မြန်မာစစ်အုပ်စုထံ လက်နက်ခဲယမ်းများ စီးဆင်းနေမှုအား ရပ်တန့်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာလက်နက်ပိတ်ဆို့မှု (Global Arms Embargo) ကို အမြန်ဆုံး ချမှတ်ပေးရန် နိုင်ငံတကာအသိုက်အဝန်းကို အလေးအနက် တောင်းဆိုခဲ့သည်။ ထို့အပြင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းမှလည်း စကားလုံးများဖြင့် ဗုံးများကို ရပ်တန့်နိုင်မည်မဟုတ်ဘဲ အာဆီယံအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အပ်နှင်းခံထားရသော လုပ်ပိုင်ခွင့်အာဏာများကို ထိရောက်စွာနှင့် ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၊ ရခိုင်ဒေသနှင့် အလယ်ပိုင်းဒေသများသည် စစ်အုပ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုဒဏ်ကို အဆိုးရွားဆုံး ရင်ဆိုင်နေရပြီး ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ ၆ လတာအတွင်း မြန်မာတနိုင်ငံလုံး အရပ်သားသေဆုံးမှု၏ ၈၂ ရာခိုင်နှုန်းမှာ အဆိုပါဒေသများမှဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) မှ ထုတ်ပြန်ခဲ့သည်။ ဉာဏ်လင်းသစ်သုတေသနအဖွဲ့၏ ကောက်ယူထားသည့်စာရင်းအရ အစီရင်ခံကာလ (၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ - ၂၅ ရက်နေ့) အတွင်း စစ်အုပ်စု၏ အရပ်သားပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဥ်များအတွင်း နိုင်ငံတဝန်း၌ အရပ်သားပြည်သူ ၄၀ ဦး သေဆုံးခဲ့ပြီး ၅၅ ဦး ဒဏ်ရာရရှိခဲ့ရာ သေဆုံးသူ ၂၀ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၁၆ ဦးမှာ ရခိုင်ဒေသနှင့် အလယ်ပိုင်းဒေသများမှ ဖြစ်ကြောင်း တွေ့ရသည်။

# မြင်ကွင်း


# တော်လှန်စစ်ဆင်ရေး


## တပတ်အတွင်း စစ်ရေးလှုပ်ရှားမှုများ

အစီရင်ခံကာလအတွင်း တနိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်ပေါင်း ၃၁ မြို့နယ်တွင် စစ်ရေးလှုပ်ရှားမှု အနည်းဆုံး ၆၁ ကြိမ် ဖြစ်ပွားခဲ့ပြီး မကွေးဒေသတွင် ဖြစ်စဉ် ၁၇ ခုဖြင့် အများဆုံးဖြစ်ပွားခဲ့သည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက စစ်ရေးလှုပ်ရှားမှုဖြစ်စဉ်အရေအတွက် ပြောင်းလဲခြင်းမရှိသည်ကို တွေ့ရသည်။

၄င်းဖြစ်စဉ်များအနက် နှစ်ဘက်အပြန်အလှန် တိုက်ခိုက်မှုဖြစ်စဉ်သည် အများဆုံးဖြစ်ပြီး စုစုပေါင်း ၄၃ ကြိမ် ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်များအနက် ၃ ခုသည် မကွေးဒေသ နတ်မောက်မြို့နယ်ရှိ ပျူစောထီးစစ်စခန်းတခု၊ ဧရာဝတီဒေသ ရေကြည်မြို့နယ်ရှိ စစ်အုပ်စု၏ စစ်စခန်းတခုနှင့် ပဲခူး (အနောက်) ဒေသ ပန်းတောင်းမြို့နယ်ရှိ စစ်အုပ်စုကာကင်းစခန်းများအား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှ ဇွန်လ ၁၀၊ ၂၀၊ ၂၂ ရက်နေ့များတွင် အသီးသီး သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဇွန်လ ၂၀ ရက်နေ့တွင် စစ်အုပ်စုသည် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များထံမှ စစ်ကိုင်းဒေသ ခါမ်းပါတ်မြို့အား သိမ်းပိုက်ခဲ့သည်။

အစီရင်ခံကာလအတွင်း ကရင်နီ၊ နေပြည်တော်၊ ရန်ကုန်နှင့် ရှမ်း (အရှေ့) ဒေသတို့တွင် စစ်ရေးလှုပ်ရှားမှုများ မရှိခဲ့ကြောင်း တွေ့ရသည်။ ထို့အပြင် ကရင်ဒေသတွင် ယခင်အပတ်အတွင်း စစ်ရေးလှုပ်ရှားမှုရှိခဲ့သော်လည်း ယခုအပတ်တွင် စစ်ရေးလှုပ်ရှားမှုမရှိကြောင်း တွေ့ရသည်။ ပဲခူး (အရှေ့) နှင့် မွန်ဒေသတို့တွင်မူ ယခင်အပတ်အတွင်း စစ်ရေးလှုပ်ရှားမှုမရှိခဲ့သော်လည်း ယခုအပတ်တွင် စစ်ရေးလှုပ်ရှားမှုရှိကြောင်း တွေ့ရသည်။







ဖြစ်စဉ်အရေအတွက် ၁ ၆


NYAN LYNN THIT ANALYTICA


# မြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၁၉ ဇွန် - ၂၅ ဇွန် ၂၀၂၆




## အရပ်သား ပစ်မှတ်ထားတိုက်ခိုက်မှုများ

အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများအနေဖြင့် မြို့နယ်ပေါင်း ၄၆ မြို့နယ်တွင် အနည်းဆုံး ဖြစ်စဉ် ၁၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သားအနည်းဆုံး ၄၃ ဦး သေဆုံးခဲ့ပြီး ၅၈ ဦး ဒဏ်ရာရရှိခဲ့ကာ အရပ်သား ၁၆၂ ဦး မတရားဖမ်းဆီးခံခဲ့ရသည်။ စစ်အုပ်စု၏ စစ်ကြောင်းထိုးဝင်ရောက်မှုဖြစ်စဉ်မှာ အများဆုံးဖြစ်ပြီး ဖြစ်စဉ် ၃၆ ကြိမ် ရှိခဲ့သည်။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်မှာ ၃၂ ကြိမ်ဖြင့် ဒုတိယအများဆုံးဖြစ်ပြီး ဖမ်းဆီးမှုဖြစ်စဉ်မှာ တတိယအများဆုံးဖြစ်ကာ ဖြစ်စဉ် ၁၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက အရပ်သားပစ်မှတ်ထားတိုက်ခိုက်ခံရမှု ဖြစ်စဉ်အရေအတွက် လျော့ကျလာသည်ကို တွေ့ရသည်။

အရပ်သားထိခိုက်သေဆုံးမှုအများဆုံးဒေသမှာ ချင်းဒေသဖြစ်ပြီး အရပ်သား ၉ ဦး သေဆုံးကာ ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။ မကွေးဒေသသည် အရပ်သားထိခိုက်သေဆုံးမှု ဒုတိယအများဆုံးဖြစ်ပြီး အရပ်သား ၁၁ ဦး သေဆုံးကာ ၈ ဦး ဒဏ်ရာရရှိခဲ့သည်။ အရပ်သားထိခိုက်သေဆုံးမှု တတိယအများဆုံးမှာ မွန်ဒေသတွင် ဖြစ်ပွားခဲ့ပြီး အရပ်သား ၆ ဦး သေဆုံးခဲ့ကာ ၇ ဦး ဒဏ်ရာရရှိခဲ့သည်။


အစီရင်ခံကာလအတွင်း မကွေးဒေသတွင် အရပ်သား ၈၀ ဦး ဖမ်းဆီးခံခဲ့ရပြီး အရပ်သားဖမ်းဆီးခံရမှု အများဆုံးဒေသအဖြစ် တွေ့ရှိရသည်။ ထို့နောက် ကရင်ဒေသတွင် အရပ်သားဖမ်းဆီးခံရမှုအရေအတွက် ဒုတိယအများဆုံး ဖြစ်ပွားခဲ့ပြီး ၃၀ ဦး ဖမ်းဆီးခံခဲ့ရကာ စစ်ကိုင်းဒေသတွင် အရပ်သားပြည်သူ ၂၆ ဦး ဖမ်းဆီးခံခဲ့ရပြီး အရပ်သားဖမ်းဆီးခံရမှု တတိယအများဆုံးဒေသအဖြစ် တွေ့ရှိရသည်။


NYAN LYNN THIT ANALYTICA

# မြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၁၉ ဇွန် - ၂၅ ဇွန် ၂၀၂၆









## စစ်အုပ်စု၏ စစ်ကြောင်းထိုးမှုများ

အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုများအနက် စစ်အုပ်စုတပ်များမှ ကျေးရွာများကို စစ်အုပ်စု၏ စစ်ကြောင်းထိုးဝင်ရောက်စီးနင်းမှုဖြစ်စဉ်သည် အများဆုံးဖြစ်ပြီး မြို့နယ် ၉ ခုတွင် အနည်းဆုံး ၃၅ ကြိမ် ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သား ၁၀ ဦး သေဆုံးခဲ့ပြီး ၉၈ ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ကိုင်းဒေသသည် စစ်အုပ်စု၏ စစ်ကြောင်းထိုးခံရမှု အများဆုံးဒေသဖြစ်ပြီး ဖြစ်စဉ် ၁၆ ကြိမ် ရှိခဲ့သည်။ မကွေးဒေသသည် ဒုတိယအများဆုံးဖြစ်ပြီး ၁၄ ကြိမ် ရှိခဲ့သည်။ ထို့နောက် ကချင်ဒေသနှင့် ဧရာဝတီဒေသတို့သည် တတိယအများဆုံးဖြစ်ပြီး ဖြစ်စဉ် ၂ ကြိမ်စီ ရှိခဲ့သည်။

စစ်အုပ်စု၏ စစ်ကြောင်းထိုးဝင်ရောက်မှု စုစုပေါင်း ၃၅ ကြိမ်အနက် ၁၆ ကြိမ်မှာ စစ်ကိုင်းဒေသ၊ မြင်းမူမြို့နယ်နှင့် မကွေးဒေသ၊ စလင်းမြို့နယ်တို့တွင် ၈ ကြိမ်စီ ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ စစ်ကြောင်းအတွင်း အရပ်သားထိခိုက်သေဆုံးမှုအများဆုံးဖြစ်စဉ်အဖြစ် မကွေးဒေသ၊ မြိုင်မြို့နယ်တွင် ဖြစ်ပွားခဲ့ပြီး ဇွန်လ ၁၆ ရက်နေ့တွင် စစ်အုပ်စုသည် မကွေးဒေသ၊ မြိုင်မြို့နယ်ရှိ ကျေးရွာ ၃ ရွာအား စစ်ကြောင်းထိုးဝင်ရောက်ကာ သတ်ဖြတ်မှုကြောင့် အရပ်သားပြည်သူ အမျိုးသား ၄ ဦး သေဆုံးခဲ့သည်။







## စစ်အုပ်စု၏ အရပ်သားကို ပစ်မှတ်ထားတိုက်ခိုက်သည့် လေကြောင်းတိုက်ခိုက်မှုများ

အစီရင်ခံကာလအတွင်း စစ်အုပ်စုသည် ဒေသ ၆ ခုရှိ မြို့နယ်ပေါင်း ၁၁ မြို့နယ်တွင် အရပ်သားများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှု အနည်းဆုံး ၃၂ ခု ကျူးလွန်ခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သား ၁၀ ဦး သေဆုံးခဲ့ကာ ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုအများဆုံးမှာ ချင်းဒေသတွင် ဖြစ်ပွားခဲ့ပြီး ဖြစ်စဉ် ၁၄ ခု ရှိခဲ့သည်။

ဇွန်လ ၁၉ ရက်နေ့တွင် စစ်အုပ်စုသည် ချင်းဒေသ ကန်ပက်လက်မြို့နယ်အား လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အရပ်သားပြည်သူအမျိုးသား ၃ ဦး၊ အမျိုးသမီး ၂ ဦး သေဆုံးခဲ့ပြီး အရပ်သားပြည်သူ ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဇွန်လ ၂၁ ရက်နေ့တွင် စစ်အုပ်စုသည် ချင်းဒေသ မင်းတပ်မြို့နယ်ရှိ ကျေးရွာတရွာအား လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အရပ်သားပြည်သူ အမျိုးသမီး ၁ ဦးနှင့် ကလေး ၁ ဦး သေဆုံးခဲ့ပြီး အရပ်သားပြည်သူ ၃ ဦး ဒဏ်ရာရရှိခဲ့သည်။



# သုတေသနနည်းနာ

ဤအစီရင်ခံစာသည် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုအကြား စစ်ရေးတိုက်ပွဲများ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ အချင်းချင်းအကြားဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများနှင့် အရပ်သားထိခိုက်သေဆုံးမှုများကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်စဉ်များကို လေ့လာရာတွင် သတင်းဌာန ၄၃ ခုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ တရားဝင်ထုတ်ပြန်ချက်များမှ တင်ပြထားသည့် သတင်းအချက်အလက်များကိုအခြေခံ၍ ဆန်းစစ်လေ့လာထားခြင်းဖြစ်ပြီး ဖြစ်စဉ်အရေအတွက်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်မှာ မြေပြင်တွင်ပိုမိုများပြားနိုင်ပါသည်။ တိုက်ပွဲဖြစ်စဉ်များ၊ ထိခိုက်သေဆုံးမှုအရေအတွက်များနှင့် ပတ်သက်၍ အတည်မပြုနိုင်သေးသည့် အချက်အလက်များအားချန်လှပ်ထားခဲ့ပြီး အဆိုပါ ဖြစ်စဉ်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်များအား အတည်ပြုနိုင်ပါက ဆက်လက်ထုတ်ပြန်သွားမည့် အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။ စစ်ရေးတိုက်ပွဲဖော်ဆောင်မှုများကိုရေတွက်ရာတွင် တရက်အတွင်း စစ်ရေးပစ်မှတ်နေရာ ၁ ခုကို စစ်အုပ်စုတပ် သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ တိုက်ခိုက်လျှင် ဖြစ်စဉ် ၁ ခု အဖြစ် သတ်မှတ်ထားသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဟုဆိုရာတွင် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်အုပ်စုကို တော်လှန်တိုက်ခိုက်နေကြသည့် လူမျိုးစုတော်လှန်ရေးအင်အားစုများလည်း ပါဝင်သည်။ အရပ်သားများ၏ ထိခိုက်သေဆုံးမှုများကိုဖော်ပြရာတွင် တိုက်ပွဲဖြစ်စဉ်များအတွင်း အရပ်သားထိခိုက်သေဆုံးမှုများအပြင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ထိခိုက်သေဆုံးမှုများကိုလည်း သီးခြားကောက်နှုတ်ဖော်ပြထားပါသည်။